သတင်းထုတ်ပြန်ချက်

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသ၊ Pulwama ခရိုင်၌ လူအများအပြား အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်စေခဲ့သည့် ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက် တိုက်ခိုက်မှုအား မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာ ရှုတ်ချလိုက်သည်။

မြန်မာနိုင်ငံသည် အကြမ်းဖက်မှု မှန်သမျှကို မည်သည့်ပုံစံမျိုးဖြင့် ကျူးလွန်သည်ဖြစ်စေ အစဉ်တစိုက်ရှုတ်ချလျက်ရှိပြီး ယင်းကမ္ဘာလုံးဆိုင်ရာ အန္တရာယ်အား တိုက်ဖျက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုက်အဝန်းနှင့် အတူတကွ ရပ်တည်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အကြမ်းဖက်မှုကြောင့် သေဆုံးကြရသူများ၏ ကျန်ရစ်သူမိသားစုဝင်များအားလည်းကောင်း၊ အိန္ဒိယအစိုးရနှင့် ပြည်သူလူထုအား လည်းကောင်း ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ လွန်စွာ ဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်